# "အသိပေးကြေညာချက်"

ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်

၁။ အာရှနိုင်ငံများသို့ တင်ပို့သည့် ပို့ကုန်များအတွက် ပို့ကုန်ရငွေကို တင်ပို့သည့်နေ့မှ ၄၅ရက်အတွင်းလည်းကောင်း၊ အာရှနိုင်ငံများမှအပ အခြားနိုင်ငံများသို့ တင်ပို့သည့် ပို့ကုန်များအတွက် ပို့ကုန်ရငွေကို တင်ပို့သည့်နေ့မှ ရက်ပေါင်း ၉၀အတွင်းလည်းကောင်း မြန်မာနိုင်ငံအတွင်းရှိ ပို့ကုန်တင်ပို့သူ၏ ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားငွေဖြင့် မပျက်မကွက် ထည့်သွင်းရန်နှင့် လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း စိစစ်တွေ့ရှိရပါက နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏အမိန့်ကြော်ငြာစာအမှတ် ၂၇/၂၀၂၂ ဖြင့်ထုတ်ပြန်ထားပါသည်။

၂။ သတ်မှတ်ချက်များနှင့်အညီ ငွေပြန်လည်ဝင်ရောက်ခြင်းမရှိသည့်ကုမ္ပဏီများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်းကိုလည်း ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့တွင် ကုန်သွယ်ရေးဦးစီးဌာနက အသိပေးကြေညာချက်ထုတ်ပြန်ထားပြီးဖြစ်သဖြင့် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်နေ့အတွင်း လိုက်နာဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

၃။ ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် ပို့ကုန်ရငွေပေးသွင်းခြင်းကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြလိုပါက နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာနနှင့် ကုန်သွယ်ရေးဦးစီးဌာနတို့၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာန - ဆက်သွယ်ရန်ဖုန်း : ၀၆၇ -၃၄၁၈၇၅၄

(ခ) ကုန်သွယ်ရေးဦးစီးဌာန - ဆက်သွယ်ရန်ဖုန်း : ၀၆၇ -၃၄၀၈၂၅၈၊ ၀၆၇-၃၄၀၈၂၈၁

ကုန်သွယ်ရေးဦးစီးဌာန